# ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အမိန့်ကို ပြန်လည်သုံးသပ်ခြင်း

မိဘများအတွက် သိကောင်းစရာအချက်အလက်များ

သင့်ကလေး၏ ဘေးကင်းလုံခြုံမှုနှင့်ကောင်းကျိုးသုခအတွက် စိတ်ပူပန်နေရသဖြင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းက သင့်ကလေးနှင့် ပါဝင် ပတ်သက်နေရခြင်း ဖြစ်ပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ (သင့်ကလေး၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း) က သင့်ကလေး၏ ဘေးကင်းလုံခြုံမှုနှင့်ကောင်းကျိုးသုခကိုချင့်ချိန်ပြီး အမှုကိစ္စဆိုင်ရာအစီအစဉ်တစ်ခု ရေးဆွဲရန်နှင့်အကောင်အထည်ဖေါ်ရန်အတွက် သင်နှင့် သင့်ကလေးတို့နှင့် အလုပ်လုပ်နေပါသည်။ အမှုကိစ္စဆိုင်ရာအစီအစဉ်သည်သင့်ကလေးအတွက် ထာဝရ ရည်မှန်းချက်ကိုလည်းကောင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းက ချမှတ်ထားသည့် သူ၏ ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကိုလည်းကောင်း စီစဉ်တင်ပြထားပါသည်။ သင့်အနေနှင့် ထိုအစီအစဉ်အတွက်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းနှင့် တွေ့ဆုံပြီးသော်လည်းကောင်း သို့မဟုတ် ဆွေးနွေးရန်အတွက် အစည်းအဝေးကို တက်ထားပြီးသော်လည်းကောင်း ဖြစ်ပါလိမ့်မည်။

## ကျွန်ုပ်သည် အမှုကိစ္စဆိုင်ရာအစီအစဉ်၏ ဆုံးဖြတ်ချက်ကို သဘောမတူပါက ဘာဖြစ်မည်နည်း။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းက သင့်မိသားစုနှင့် ပတ်သက်နေချိန်တွင် သူတို့က သင်နားလည်သဘောမပေါက်နိုင်သော သို့မဟုတ် သဘောမတူသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖွယ်ရှိပါသည်။ ဤဆုံးဖြတ်ချက်များသည် သင့်ကလေး မည်သည့်နေရာတွင်နေထိုင်ရမည်၊ မည်သူတို့နှင့် အဆက်အသွယ်ပြုလုပ်နိုင်မည်၊ မည်သည့် ဝန်ဆောင်မှုများ လိုအပ်သည်၊ စသည်တို့ ပါဝင်နိုင်သည်။ သင်နှင့်သင့်ကလေးတို့သည် ဆုံးဖြတ်ချက်ချမှတ်သူထံမှ ဤဆုံးဖြတ်ချက်နှင့်ပတ်သက်သော ဖြေရှင်းချက်ကို ရခွင့်ရှိပါသည်။ သင့်မိသားစုနှင့်ပတ်သက်နေချိန်ကာလအတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းက ချမှတ်သော မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ပြန်လည်သုံးသပ်ပေးရန် တင်ပြလျှောက်ထားခွင့်လည်း ရှိပါသည်။

## ကျွန်ုပ်သည် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးစေလိုပါက ဘာလုပ်ရမည်နည်း။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းထံမှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် တောင်းခံတင်ပြခြင်း 'Request for review of a child protection decision' ဟူသော ပုံစံကို တောင်းပါ။ ထိုပုံစံတွင်ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ပေးသည့် အကြီးတန်း ဌာနကြီးအရာရှိ၏ အမည်နှင့်လိပ်စာတို့ ပါပါလိမ့်မည်။

ထိုပုံစံက မည်သည့်ဆုံးဖြတ်ချက်အား သင်ပြန်လည်သုံးသပ်ပေးစေလိုကြောင်း၊ မည်သည့်အတွက်ကြောင့် ပြင်ဆင်ပေးစေလိုကြောင်းနှင့် မည်သို့သော ဆုံးဖြတ်ချက်မျိုး ဖြစ်စေလိုကြောင်း တို့နှင့်ပတ်သက်သောအချက်များကို ဖေါ်ထုတ်သိရှိရန် သင့်အားအထောက်အကူပြုပါလိမ့်မည်။ သင်ဤပုံစံကိုဖြည့်စွက်ရန် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း (သို့မဟုတ်အခြား မည်သူမဆို) ၏အကူအညီကို ရယူနိုင်ပါသည်။ ပုံစံကို မဖြစ်မနေဖြည့်စွက်ရန်မလိုအပ်ပါ၊ အချို့သောသူများကမူ ပြန်လည်သုံးသပ်ပေးရန်အတွက် စာဖြင့် ရေးသား တင်ပြကြရန်နှစ်သက်သည်။ တင်ပြသောစာတွင် သင့်အနေနှင့် ပြန်လည်သုံးသပ်ပေးစေလိုသော ဆုံးဖြတ်ချက်၊ မည်သည့်အတွက်ကြောင့် ပြင်ဆင်ပေးစေလိုကြောင်းနှင့် မည်သို့သောဆုံးဖြတ်ချက်မျိုး ဖြစ်စေလိုကြောင်းကို ရှင်းလင်းတင်ပြရမည် ဖြစ်ပါသည်။

သင်ပြန်လည်သုံးသပ်ပေးရန် တင်ပြချက်ကို ဆုံးဖြတ်ချက်ပေးသည့်နေ့စွဲမှ စတင်ပြီး ၂၈ ရက်မကျော်လွန်မီ တင်ပြရန်လိုအပ်ပါသည်။ အချို့သောအမှုများတွင် ပြန်လည်သုံးသပ်ပေးရန်တင်ပြချက်ကို ၂၈ ရက်သတ်မှတ်ချက်ထက်ကျော်ပြီး လက်ခံနိုင်ဖွယ် ရှိပါသည်။ သင့်အနေနှင့်မည်သည့်အတွက်ကြောင့် ၂၈ ရက်အတွင်း ပြန်လည်သုံးသပ်ပေးရန်တင်ပြခြင်း မပြုနိုင်ခဲ့ကြောင်း ခိုင်လုံသောအကြောင်းပြချက်ရှိရန် လိုအပ်ပါလိမ့်မည်။ ပြန်လည်သုံးသပ်ခြင်း ပြုမည်၊မပြုမည်ကိုအကြီးတန်း ဌာနကြီး အရာရှိတစ်ဦးက နှစ်ပတ်အတွင်း သင့်အား အကြောင်းကြားပါလိမ့်မည်။

## ထိုနောက် ဘာဖြစ်မည်နည်း။

အကယ်၍ပြန်လည်သုံးသပ်ခြင်း ပြုမည်ဆိုပါက သင်အကြီးတန်း ဌာနကြီး အရာရှိတစ်ဦးနှင့် တွေ့ဆုံရန်အတွက် သင့်တင်ပြချက်ကို လက်ခံရရှိပြီးနောက် အတတ်နိုင်ဆုံး စောလျင်စွာပင်စီစဉ်ပေးပါလိမ့်မည်။ သင့်အား တွေ့ဆုံဆွေးနွေးမည့် နေ့ရက်၊အချိန်ကို ကြိုတင်အကြောင်းကြားပါလိမ့်မည်။

သင့်အနေနှင့် သင့်အား အားပေးကူညီရန်နှင့်၊ သင်မကျေနပ်သည်များ၊ ဖြစ်စေလိုသည်များကို ကူညီရှင်းပြပေးရန် တစ်စုံတစ်ယောက်ကို သင်နှင့်အတူ ပြန်လည်သုံးသပ်ပေးမည့် အစည်းအဝေးသို့ ခေါ်လာနိုင်ပါသည်။

VICTORIA State Government | Health and Human Services

## အစည်းအဝေးတွင် ဘာဖြစ်မည်နည်း။

အကြီးတန်း ဌာနကြီး အရာရှိက သူ၏တာဝန်ဝတ္တရားများနှင့် အခြေအနေအကျဉ်းချုပ်ကို ရှင်းပြပါလိမ့်မည်။ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး မည်သည့်အချက်များကြောင့်သင်က ပြန်လည်သုံးသပ်ပေးစေလိုကြောင်းနှင့် ထိုအချက်များအစား သင်မည်သို့ဖြစ်စေလိုကြောင်းတို့ကိုမေးပါလိမ့်မည်။ အစည်းအဝေးကို တက်ရောက်သောအခြားသူများအားလည်း သူတို့၏ ထင်မြင်ယူဆချက်များကိုတင်ပြရန် အခွင့်အရေးပေးပါလိမ့်မည်။

အစည်းအဝေးပြီးဆုံးသည့်အခါ ထိုကိစ္စကိုဆက်လက်စဉ်းစားပေးပါလိမ့်မည်၊ သင်သည်ဆုံးဖြတ်ချက်ကို တရားဝင် စာဖြင့် လက်ခံရရှိပါလိမ့်မည်။ အကြီးတန်း ဌာနကြီး အရာရှိက အဘယ်ကြောင့်သူ့အနေနှင့် ဤသို့ဆုံးဖြတ်ချက်ချမှတ်ရကြောင်း ရှင်းပြပါလိမ့်မည်။ သူသည်သင့်ကလေး၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်နိုင်ရာကို ဆုံးဖြတ်ပေးရန် တာဝန်ရှိပါသည်။

## ကျွန်ုပ်က မကျေနပ်သေးလျှင် ဘာဆက်လုပ်ရမည်နည်း။

ကလေးများနှင့်သူတို့၏မိဘများသည် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် Victorian Civil Administrative Tribunal (VCAT) ထံသို့လည်း တင်ပြလျှောက်ထားနိုင်ပါသည်။ သို့သော် VCAT က ထိုအမှုကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ပထမ ပြန်လည်သုံးသပ်ပေးပြီးမှသာ လက်ခံမည်ဖြစ်ပြီး ၎င်းတွင် ၂၈ ရက် သတ်မှတ်ထားချိန်ကာလ အကျုံးဝင်ပါသည်။ VCAT သည် တရားရုံးနှင့်တူပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းနှင့်မသက်ဆိုင်ပါ။ VCAT ကို 55 King Street, Melbourne, 3000 တွင်ဆက်သွယ်နိုင်ပါသည်၊ သို့မဟုတ် (03) 9628 9755 သို့ ဖုန်းဆက်နိုင်ပါသည်။

## ကျွန်ုပ်တွင်အခြား စိတ်ပူပန်စရာများ ရှိပါက ဘာလုပ်ရမည်နည်း။

သင့်ကလေး၏ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခအတွက် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဝန်ထမ်းများက သင်နှင့်အတူအကွ ပူးပေါင်း ဆောင်ရွက်ရန် ကြိုးစားပါလိမ့်မည်။ သို့သော်အကယ်၍သင်သည် အဖွဲ့၏ လုပ်ဆောင်ပုံများအား မကျေနပ်ပါက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဆိုင်ရာ မန်နေဂျာကို ဆက်သွယ်ပါ။

သင်သည် ဖြန်ဖြေရေးအရာရှိ Victorian Ombudsman, Level 9, North Tower, 459 Collins Street, Melbourne 3000 ကိုလည်း (03) 9613 6222 တွင်လည်းကောင်း သို့မဟုတ် အခမဲ့ဖုန်းနံပါတ် 1800 806 314 တွင်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။ ဖြန်ဖြေရေး အရာရှိသည် အစိုးရဌာနများနှင့်ပတ်သက်သော မကျေနပ်မှုများကို စုံစမ်းစစ်ဆေးနိုင်သည်။ ဖြန်ဖြေရေး အရာရှိသည် နောက်ဆုံးအဆင့်အဖြစ်တက်ရသော ရုံးဖြစ်သည့်အတွက် မကျေနပ်ချက်တိုင်တန်းလိုသူများသည် ဖြန်ဖြေရေး အရာရှိထံ လျှောက်လဲခြင်းမပြုမီ မကျေနပ်ချက်ကို ဖြေရှင်းနိုင်သည့် ကျန်လမ်းကြောင်းများ အားလုံးကို ပထမ အသုံးပြုရန်တိုက်တွန်းအပ်ပါသည်။

## ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာစကားကို နားမလည်ပါက ဘာလုပ်ရမည်နည်း။

အကယ်၍သင် အင်္ဂလိပ်ဘာသာစကားကို နားမလည်လျှင် သုံးပွင့်ဆိုင် ဆွေးနွေးရန်အတွက် တယ်လီဖုန်းဖြင့် စကားပြန်ဝန်ဆောင်မှုကို 131 450 တွင် ဆက်သွယ်ပေးရန် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်းကို ပြောပါ။

## ဆက်သွယ်ရမည့်သူများ၏ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်း အမည်မှာ - ______________________________

သူ၏ Department of Health and Human Services ရုံး တည်ရှိရာမှာ - ______________________________

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ - ______________________________

သင့်ကလေး၏ အမှုကိစ္စဆိုင်ရာအစီအစဉ် ရေးဆွဲသူ၏ အမည်မှာ - ______________________________

သူ့အား ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ - ______________________________

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆိုင်များရာ မန်နေဂျာ၏ အမည်မှာ - ______________________________

သူ့အား ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ - ______________________________